

မည်သူမပြု မိမိမှု ဆိုတဲ့အတိုင်း အတိတ်က
ကိုယ်လုပ်ခဲ့တဲ့အတွက် ကိုယ်ပြန်ခံရတယ်ဆိုတာလေးကို
မြတ်ဘုရားဟောတဲ့ တရားသဘောလေးနဲ့ ယှဉ်ကြည့်ဖို့
အလွန်အရေးကြီးပါတယ်။ ဖြစ်လာတဲ့အပေါ်မှာ
မှန်ကန်တဲ့နှလုံးသွင်းမှုလေးတွေ ရှိကြမယ်ဆိုရင်
ကိုယ်လည်းစိတ်ထဲပေါ့သွားပါတယ်၊ အနောင်အဖွဲ့လည်း
ကင်းသွားကာ ကိုယ့်စိတ်ဟာ လွတ်လပ်ပြီးနေပေလိမ့်မယ်။

ဖြစ်ချင်ရာဖြစ် စိတ်မညစ်နဲ့

လုပ်သာလုပ် နောက်မဆုတ်နဲ့........တဲ့၊
ဖြစ်လာတော့လည်း စိတ်မညစ်နဲ့လို့တော့
မပြောရက်ပါဘူး။ ဒါပေမယ့်အမှန်တွေးရမှာက ကိုယ်ဖြစ်ချင်
သလို မဖြစ်တာဘဲ သူဖြစ်ချင်သလိုဖြစ်ပါစေပေါ့ဟု
မှန်ကန်အောင် နှလုံးသွင်းပေးပါ။ စိတ်ညစ်စရာတွေ
မတွေးဘဲနေနိုင်ရင် ကောင်းပါတယ်လို့ ပြောတာနော်၊
ပြီးတော့ လုပ်သင့်တာကိုလည်း လုပ်ကြဖို့ပါနော်။

ကိုယ်ကျင့်တရားပဲ၊ ဒါကအလွန်အရေး
ကြီးပါတယ်နော်။
ကိုယ်ကျင့်တရားလေးကိုအောက်ထစ် ဆုံး

(၅)ပါးသီလလေးလောက်

စောင့်ထိန်းပေးလိုက်ရအောင်နော်။

သီလဆိုတဲ့ကိုယ်ကျင့်တရားကို စွမ်းနိုင် သလောက် တစ်နာရီနိုင်ရင် တစ်နာရီ၊ မိနစ်(၃၀)နိုင်ရင် မိနစ်(၃၀) စောင့်ပေးပါနော်၊ ဒီလိုသီလကို နိုင်သလောက် စောင့်ထိန်းနေရင် စောင့်ထိန်းနေချိန်မှာ သီလကုသိုလ်ဖြစ်သလို ကြုံရတဲ့ဒုက္ခကြောင့် လေးနေ ဆွေးနေတဲ့စိတ်ဟာလည်း အတော်အတန် သက်သာလာပါမယ်နော်။ ဒါဆိုရင် လက်ငင်းမှာလည်း အဆင်ပြေတယ်၊ အကယ်၍ မိမိက သီလကို စွမ်းနိုင်သမျှလေး စောင့်ထိန်းပေးရင် ဒီကုသိုလ်အတွက် ငွေမကုန်ဘူးနော်၊ ဒါပေမယ့် အကုသိုလ်တော့ ခဏတာ ကုန်သွားလိမ့်မယ်၊ အခုလို ဒုက္ခတွေနဲ့ ကြုံရတာဟာ ကိုယ့်ရဲ့ အကုသိုလ် ကြောင့်ပဲဆိုတာ အသိရှင်းပါစေနော်၊ ဒါကြောင့် အကုသိုလ်နည်းအောင် ဒီအချိန်မှာ သီလစောင့်ကြပါလို့ ပြောပါရစေနော်။

ကိုယ်ကျင့်တရားရှိရင် စိတ်ကတောင့်တတိုင်း ရနိုင်တယ်လို့ မြတ်ဗုဒ္ဓဟောတော်မူထားပါတယ်။ ဘာကြောင့်တုန်းဆိုရင် သီလစောင့်တဲ့ သူတော်ကောင်းတွေကို နတ်ကောင်းတွေက ကြည့်မနေပါဘူး။ အော်........ကံကြမ္မာဆိုတာ မျက်နှာမလိုက်ဘူး၊ အကျိုးပေးခွင့်ကြုံပြီဆိုရင် ဘယ်သူမှ မကာယ်နိုင်ဘူးလေ၊

တစ်ခါတုန်းက ဂိဋ္ဌျာဘ ရဲ့
အာဃာတအညိုးကြောင့် သာကီဝင်ဆွေတော်မျိုးတော်များ
သေွးချောင်းစီးမယ့်အဖြစ်ဆိုးမှ လွတ်အောင် မြတ်ဘုရား
ကြားကနေ စေ့စပ်ဖူးပါတယ်၊ ဒါပေမယ့် ကံတရားက
မျက်နှာသာမပေးတဲ့အတွက် နတ်ကိုမဆိုထားနဲ့
မြတ်ဘုရားကိုယ်တော်တိုင်တောင်မှ မကယ်နိုင်ခဲ့ဘူး၊
နောက်ဆုံး ဂိဋ္ဌျာဘရဲ့လက်ချက်နဲ့ သာကီဝင်မင်းမျိုး
အတော်တော်များများ အသတ်ခံခဲ့ရတာဟာလည်း
သာသနာ့သမိုင်းမှာ အထင်အရှား ရှိနေဆဲပါ။

ဒါကြောင့် ဖြစ်ပြီးတာတွေ ဖြစ်ပြီးတဲ့အတွက်
ဒီအဖြစ်ဆိုးကလွတ်သွားပြီလို့ပဲ စိတ်ထဲတွေးရမယ်နော်၊
လက်ရှိအချိန်လေးမှာ လုပ်သင့်တာလေးတွေကို လုပ်ဖို့ပဲ
တိုက်တွန်းပါရစေ၊

လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၅၀၀)တုန်းက စက္ကဂတ္တိသုတ္တန်မှာ
မြတ်ဗုဒ္ဓဟောတော်မူခဲ့ပါတယ်နော်၊ ဒါကြောင့်
လူသားအားလုံး အဖြစ်ဆိုးနဲ့ မကြုံရ မရင်ဆိုင်ရစေဖို့အတွက်
စိတ်ဆိုး၊ စိတ်ကြမ်းတွေကို နည်းနိုင်သမျှ နည်းအောင်
နည်းရာကနေ ပါးသွားအောင် ပြုလုပ်ကြဖို့ပါပဲ၊
ဒါကြောင့် လူသားအားလုံး အဖြစ်ဆိုးများက
လွတ်ကင်းအောင် နောင်တွင်လည်း အဖြစ်ဆိုးတွေနဲ့
မကြုံရလေအောင် သီလ စောင့်ထိန်းပါ။
အားလုံးအပေါ်လည်း မေတ္တာပို့ပေးပါ။

အေးချမ်းသာယာလာနိုင်ပါကြောင်း မေတ္တာဖြင့်
ရေးသားလိုက်ရပါသတည်း။

အလုပ် (၃)မျိုးရှိသည်ဆိုရာဂယ် မည်သည့်အလုပ်ပင်
ဖြစ်စေကာမူ ထိုအလုပ်၏ အကျိုးသင့်ရောက်မှုတော့ ရှိမည်
ဖြစ်ပါသည်။ အလုပ်ဟူသည် ကံတရားဟူ၍
တစ်ခြားဘာသာဂင်များ မသိသော်လည်း
ဗုဒ္ဓဘာသာဂင်အများစုကတော့ နားလည်ကြမှာပါ။

ထိုကံတရားသည် (၃)မျိုးရှိသည့်အနက်
ကိုယ်ဖြစ်ပြုသည်ကို ကာယကံ၊ နှုတ်ဖြင့်ပြောသည်ကို
ဂစီကံ၊ စိတ်ဖြင့်တွေးကြံသည်ကို မနောကံ ဟုခေါ်ပါသည်။
ကာယကံက (၃)ပါး၊ ဂစီကံက(၄)ပါး၊ မနောကံက (၃)ပါး
ပေါင်း(၁ဂ)ပါးဖြစ်သည်။

ကာယကံ(၃)ပါး၊

(၁)သူ့အသက်ကို သတ်သည့်ကံ၊

(၂)သူ့ဥစ္စာကို ခိုးသည့်ကံ၊

(၃)ကာမမှု၌ မှားယွင်းစွာပြုကျင့်မိသည့်ကံ၊

ဂစီကံ(၄)ပါး

(၁)လိမ်ပြောသည့်ကံ၊

(၂)သူတစ်ပါးအချစ်ပျက်အောင် ကုန်းတိုက်သည့်
အကုသိုလ်ကံ၊

(၃)ကြမ်းတမ်းစွာ ပြောဆိုဆဲရေးသောကံ၊

(၄)ပြိန်ဖျင်းသောစကားကို ပြောဆိုသော အကုသိုလ်ကံ၊

မနောကံ(၃)ပါး

(၁)သူ့ပစ္စည်းဟာ ငါ့ပစ္စည်းဖြစ်ပါတော့ဟု မတရားရချင်သည့်
အကုသိုလ်ကံ၊

(၂)သူတစ်ပါးပျက်စီးအောင် သေအောင်ကြံစည်သည့်
အကုသိုလ်ကံ၊

(၃)အယူအဆမှားယွင်းသည့် အကုသိုလ်ကံ

ထို(၁၀)ပါးအကုသိုလ်တရားတို့သည်
အပါယ်ရောက်ကြောင်းလမ်းကြောင်းကြီးနှင့်
တူလှသော ကြောင့် အကုသလကမ္မပထ တရားဟု
ခေါ်ပါသည်။ ထို ဆယ်ပါးသော တရား လမ်းပေါ်ဂယ်
တစ်ပါးပါးသော လမ်းပေါ်ကို တက်နင်းမိလျှင်
အပါယ်လေးပါးသို့သွားရာ သို့
လမ်းညွှန်ပေးနေမည်ဖြစ်သည်။ ထိုကံ ၁၀
ပါးအနက်တစ်ပါးပါး လွန်ကျူးမိလျှင် အပါယ်လေးပါးသို့
မြှားဦးလှည့်နေမှာဖြစ်ပါတယ်။ ထိုကြောင့်
အကုသလကမ္မပထတရား ၁၀ ပါးဟာ မည်သည့်တရားက

အပြစ်ငယ်သည်ဟု မဆိုသာချေ။ သို့သော်လည်း မည်သည့် တရားက အပြစ်အကြီးဆုံးနည်း ဟုတွက်ဆကြည့်မည်ဆိုလျှင် နောက်ဆုံးဖြစ်သည့် မိစ္ဆာဒိဋ္ဌိကံက အပြစ်အကြီးဆုံးဟု ဆိုရပေမည်။

ဒီအကြောင်းကို မကောင်းသော တရားတွင် ကြီးလေးသည့် ဂရုကံ ဟုရှိပါသည်။ ထိုကံများက အနန္တရိယကံ (၅)ပါးဖြစ်သည်။

(၁)အမိကိုသတ်သည့်ကံ၊(၂) အဖကိုသတ်သည့်ကံ(၃) ရဟန္တာကို သတ်သည့်ကံ၊(၄)မြတ်ဘုရားကို သွေးစိမ်းတည်အောင်ပြုသည့်ကံ၊ (၅) သံဃာသင်းခွဲသောကံ များကို ပဉ္စာနန္တရိယကံ ကြီးလေးသည့်ဂရုကံ ဟုခေါ်ပါသည်။

ထိုကံငါးပါးတွင် ရဟန္တာသတ်သည့်ကံဟု ဆိုရာ၀ယ် ရဟန္တာသည် သံဃာထဲတွင်ပါ၀င်သည့်အတွက် သံဃာကို သတ်လျှင် လည်း အတူတူပင်ဖြစ်ပါသည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မြန်မာသက္ကရာဇ်(၈၈၈ ) ရှစ်သုံးလုံး ခုနစ်က အင်း၀တွင် ရှမ်းသိုဟန်ဘွား မင်းပြုဖူးသည်၊ ထိုမင်းသည် ဘာသာခြားမင်းဖြစ်ရကား သာသနာတော်ကို မကြည်ညိုပေ၊ ထို့ကြောင့် သံဃာတော်များကို ဆွမ်းကျွေးဖိတ်လေဟန်ပြုပြီး သုတ်သင်လိုက်ရာ စာတတ်ပေတတ် ရဟန်းတော်များ အပါး(၃၀၀)ခန့် တစ်ပြိုင်နက် ပျံလွန်တော်မူခဲ့ရဖူးပါသည်။

သာသနာ့အဆောက်အဦးများ၊ စေတီများကိုလည်း ရိုက်ချိုးဖျက်ဆီးသည်။ ကျန်သံဃာတော်များက အသက်ဘေးစိုးရိမ်ရ၍ ပြေး လွှားပုန်းအောင်းနေခဲ့ကြရသည်ဖြစ်ရာ ထိုအထဲတွင်လည်း ဆရာတော်ကြီးတစ်ပါး ထွက်ပြေးတိမ်းရှောင်လာခဲ့ရာ ပုဂံသို့ရောက်ရှိခဲ့သည်။ တစ်နေ့ ထိုဆရာတော်သည် ဂူတစ်ခုထဲတွင် ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ပြီးဆုံးသောအခါ ဂူပေါက်ဝမှ သာဓု ခေါ် သံကို ကြားရပါသည်။

"သင်ဘယ်သူလဲ" မေးရာ " တပည့်တော် သာသနာစောင့်နတ်မင်းပါဘုရား" ဟုလျှောက်၏။ "ဒါဖြင့် သင်ဟာ သိကြားမင်းဖြစ်မှာပေါ့" ဟုမေးရာ "မှန်ပါဘုရား"ဟု သိကြားမင်းကဖြေသည်၊ ထိုအခါ ဆရာတော်က "သင်ဟာသာသနာစောင့်နတ်မင်းဖြစ်ရင် သိုဟန်ဘွားရန်ကို သင်မသိဘူးလား၊ ဘာကြောင့်သိုဟန်ဘွားရန်က ကာကွယ်မပေးရတာလဲ" ဟုပြောရာ သိကြားမင်းဖြေလိုက်ပုံက " အရှင်ဘုရား… မြတ်စွာဘုရားသော်မှ ကံအတိုင်းဖြစ်လာသည့် ဝိဋ္ဋူဘဘေးကို မတားမြစ်နိုင်ခဲ့ပါ၊ တာဂန်အရ နှစ်ကြိမ်သုံးကြိမ်တားမြစ်တော်မူပြီးလျှင် ဝဋ်ရှိသည့်အတိုင်း ဖြစ်လာသည့် ဘေးကို ဘုရားကိုယ်တော်မြတ်တောင်မှ လျစ်လျူရှုတော်မူခဲ့ရသည်။ အကျွန်ုပ်ကား အဘယ်မှာ တတ်နိုင်ပါမည်နည်း၊ သို့သော် ဤသိုဟန်ဘွား ဘုရင်ဟာ

မကြာခင်ရက်ပိုင်းအတွင်းမှာ ပျက်စီးရတော့မှာပါဘုရား”ဟု
သိကြားမင်းက ဆရာတော်ကြီးအား လျှောက်ချက်အရ
ယနေ့ခေတ်တွင်လည်း မင်းများက
ရဟန်းသံဃာတော်များကို ပြောင်ပြောင်တင်းတင်း
ရိုက်နှက်သတ်ဖြတ်နေကြရာ
နအဖအစိုးရမင်းများနှင့်နောက်ပါများသည်လည်း
ကံနှင့်ဝဋ်ကို ပြေးမလွဲ ခံရမည်ကို ဆုတောင်းစရာမလို
အော်တိုမစ်တစ် အဂီစိငရဲလက်မှတ်ဖြတ်ပြီးဖြစ်သောကြောင့်
မကြာခင် သွားရတော့မှာပါ၊ သူတို့အလာကို
မဟာအဂီစိငရဲတွင် သေဆုံးပြီးသော အဂီစိငရဲသား
ကြံ့ဖွံ့နှင့်စွမ်းအားရှင်များက တစ်ဘက်တစ်ချက်
ပိုင်းဂန်းကြိုဆိုနေကြမှာကို မြင်ယောင်နေမိပါသည်။

အထက်ကဆိုခဲ့သည့် ကံငါးပါးသည် ကာယကံဖြစ်၍
ပိုအပြစ်ကြီးသည်ဟု ထင်စရာရှိသည်။
ထိုကာယကံသာမဟုတ်၊ ဝစီကံလည်း အပြစ်ကြီးလှသည်။
ဝစီကံထဲက မုသာဝါဒကံအပြစ်ကြီး လွန်းလို့
ဘုရားအလောင်းတော်ဘဝက
တစ်ခြားအကုသိုလ်ကံတွေကို ကျူးလွန်ခဲ့ပေမယ့်လို့
မုသာဝါဒကံကိုတော့ မကျူးလွန်ခဲ့ဘူး။
မာဃဒေဝလင်္ကာသစ်မှာ (အကုသိုလ်မှာ မုသာဝါဒ၊
ကုသိုလ်မှာကား သစ္စဝါစာ၊ လေးဆုံးသာတည့် )
ဟုစပ်ဆိုထားပါသည်။

ထို့ထက် အပြစ်အကြီးဆုံးသောကံမှာ မိစ္ဆာဒိဋ္ဌိကံ ဖြစ်ပါသည်၊ ထိုမိစ္ဆာဒိဋ္ဌိကံများမှာ---

(၁) အလှူငယ်ပေးလှူ၍ အကျိုးမရှိ၊

(၂) အလှူကြီးပေးလှူ၍ အကျိုးမရှိ၊

(၃) ပူဇော်၍ အကျိုးမရှိ၊

(၄) ကုသိုလ်ကံ၊အကုသိုလ်ကံမရှိ၊

(၅) ဘဝတစ်ပါးမှ လာသူမရှိ၊

(၆) တမလွန်လောကမရှိ၊

(၇) မိခင်၏ကျေးဇူးမရှိ၊

(၈) ဖခင်၏ကျေးဇူးမရှိ၊

(၉) ဥပပတ်သတ္တဝါမရှိ၊

(၁၀) ကိလေသာငြိမ်းအေးသော သာမဏဗြာဟ္မဏဟူ၍ မရှိ ဟု မိစ္ဆာဒိဋ္ဌိကံ(၁၀)းပါးရှိပါသည်။

ရှင်းပါဦးအံ့............ကံ၏အကျိုးမရှိဟု

ကံကိုပယ်လျှင် နတ္ထိကဒိဋ္ဌိဟုခေါ်ပြီး၊ ကောင်းမှုပြု သော်လည်း ကောင်းမှုမမည်၊မကောင်းမှုပြု သော်လည်း မကောင်းမှုမမည်ဟု ကံကိုပယ်သည့်အတွက် အကြိယဒိဋ္ဌိ

ဟုခေါ်ပါသည်။ သတ္တဝါဆိုသည်မှာ

ကုသိုလ်ကြောင့်ဖြစ်တာ လည်းမဟုတ်၊
အကုသိုလ်ဖြစ်တာလည်းမဟုတ်၊
အကြောင်းအထောက်အပံ့မရှိ၊ သူ့အလိုလို ဖြစ်လာသည်ဟု
အကြောင်းကိုပယ်လျှင် အဟေတုကဒိဋ္ဌိ ဟုခေါ်ပါသည်။

ဒီအယူအဆိုးကြီး(၁၀)ပါးကို စွဲကိုင်ထားလျှင်
အပါယ်လားရန်အတွက် ကမ္ဘပထမြောက်သွားပြီ၊ ထိုအယူကို
စွဲစွဲမြဲမြဲ ယူထားလျှင်
နိယတမိစ္ဆာဒိဋ္ဌိဖြစ်သောကြောင့် ထိုသူသေလျှင်
အပါယ် လောက်သာမဟုတ်၊ မဟာအဂီစိငရဲသို့တိုင်
ကျရောက်ရပေတော့မည်။ ပဥ္စနန္တရိယကံထိုက်၍သေလျှင်
မဟာအဂီစိငရဲကျရောက်မည့်သူများသည် ကမ္ဘာပျက်လျှင်
မဟာအဂီစိမှ လွတ်ရပါသော်လည်း
နိယတမိစ္ဆာဒိဋ္ဌိများသေ၍ မဟာအဂီစိငရဲကျသူများသည်
ကမ္ဘာပျက်သော်လည်း တစ်ခြားကမ္ဘာသို့သွား၍
မဟာအဂီစိငရဲတွင်ထပ်မံ၍ ခံရပေဦးမည်။
ထိုသို့သောသူများကို အရာထောင်သောင်းမက
ပွင့်တော်မူပြီးသည့်မြတ်ဘုရားများ မည်မျှပင်
တရားဟောစေကာမူ အယူသည်းမှုကို မပယ်စွန့်နိုင်ကြပေ၊
ထိုကြောင့် အပါယ်ကျပြီးရင်းကျရင်း ဖြစ်မည်ဟု
ကျမ်းဂန်များမှာ ဖွင့်ပြထားသည်ကို
သတိထားသင့်ပါကြောင်း ။ ။

x x x

သင်္ကြန်မင်း